# KNU - ကရင်အမျိုးသားအစည်းအရုံး နှင့် Kachin Independence Organization (KIO) တို့၏ ပူးတွဲထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်

၁။ KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ဦးဆောင်သည့် KNU ကိုယ်စားလှယ်အဖွဲ့ နှင့် (KIO) ဗဟိုကော်မတီတို့သည် ဖေဖော်ဝါရီလ (၁၆)ရက်နေ့တွင် (KIO) ဌာနချုပ်၊ လိုင်ဇာမြို့တွင် မျက်မှောက်ပကတိ နိုင်ငံရေးအခြေအနေနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များကို တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၏ အကြံပေး ပုဂ္ဂိုလ်(၂)ဦးလည်း ပါဝင်ခဲ့ပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁၂)ရက်နေ့တွင် KNU, RCSS, DKBA, KNU/KNLA Peace Council နှင့်တကွ အစိုးရ၊ တပ်မတော်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တိုင်းရင်းသားရေးရာဝန်ကြီး(၁၉)ဦး၊ နိုင်ငံရေးပါတီ(၅၅)ပါတီတို့က ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကတိပြုချက် (Deed of Commitment for Peace and National Reconciliation) တွင်ပါဝင်သည့်၊ နံပါတ်(၃) အချက်တွင် **"နိုင်ငံရေးပြဿနာကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်"** ကတိကဝတ် ပြုထားကြပါသည်။

၃။ အထက်ပါ ကတိပြုချက် နံပါတ်(၅) အချက်တွင် **"ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် လုပ်ငန်းစဉ်ကာလအတွင်း ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သည့် ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်ပွားစေရန် နှစ်ဖက်တပ်များ ထိတွေ့မှုများကို ရှောင်ရှားနိုင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေမည့် အရေးယူဆောင်ရွက်ခြင်းများ မပြုလုပ်ရေး အတွက် ပူပေါင်းဆောင်ရွက်ရန်"** ဖော်ပြပါရှိပါသည်။

၄။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အခန်း ၁ - အခြေခံမူများ၏ ပုဒ်မ (၁) (ဆ) တွင်ပါဝင်သည့်အတိုင်း **"ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကိုအခြေခံပြီး ပါဝင်သင့်သူ အားလုံးပါဝင်သည့် နိုင်ငံရေး ဆွေးနွေးပွဲများကို ကျင်းပသွားရန်"** လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်သောကြောင့် ဖြစ်ရှိနေသော လက်နက်ကိုင် ပစ်ခတ်တိုက်ခိုက်မှုများအား ရပ်စဲပြီး ကတိကဝတ်များနှင့်အညီ ငြိမ်းချမ်းစွာ အဖြေရှာရန်ကိုသော်လည်းကောင်း နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံး ပါဝင်လာနိုင်ရေးအတွက် နည်းလမ်းရှာဖွေကြရန်ကိုသော်လည်းကောင်း၊ သက်ဆိုင်သူအားလုံးက ဝိုင်းဝန်း လုပ်ဆောင်ကြရန် တိုက်တွန်းအပ်ပါသည်။

၆။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် အကြမ်းဖက်အဖွဲ့အစည်းများ (Terrorist) မဟုတ်ဘဲ ငြိမ်းချမ်းရေးအတွက်လုပ်ဖော်ဆောင်ဘက်များဖြစ်ပြီး ထိုသို့လက်ခံမှတ်ယူကာ ငြိမ်းချမ်းရေး ရရှိသည်အထိ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း တိုက်တွန်းအပ်ပါသည်။

၇။ မိမိတို့အဖွဲ့အစည်းနှစ်ရပ်အနေဖြင့် လိုအပ်သည့်နည်းလမ်းများရှာဖွေပြီး ငြိမ်းချမ်းရေးအဖြေရရှိနိုင်ရန် အတွက်၊ အကောင်းဆုံးလုပ်ဆောင်သွားကြရန် သဘောတူညီကြပြီး အတူတကွကြိုးပမ်းလုပ်ဆောင် သွားကြမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။


ဆက်သွယ်ရန်

၁။ ဗိုလ်ချုပ် ဂွန်မော် (KIO)+(86) 1357-8200-543

၂။ ဦးလနန် (KIO) +(86)1518-4925-577

၃။ ပဒို စောတာဒိုမူး (KNU)+(86) 1568-7568-282

၄။ ပဒို စောတာမူလာ (KNU)+(86) 1568-7788-323